

©Wikimedia Commons

# အနှစ်ချုပ်စာတမ်း

## မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC)

ဒီဇင်ဘာလ (၁၅) ရက်၊ ၂၀၂၂ ခုနှစ်

SAC-M
Special Advisory Council for Myanmar



Photo - icc-cpi.int

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား တုံ့ပြန်ရန်အတွက် မြန်မာပြည်သူလူထုနှင့် အရပ်ဖက်အဖွဲ့အစည်းများက စစ်တပ်ခေါင်းဆောင်များအား အပြစ်ပေး အရေးယူနိုင်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတွင် စွဲချက်တင်ရန် တောင်းဆိုခဲ့ကြသည်။ သို့သော် စွပ်စွဲထားသော နိုင်ငံတကာရာဇဝတ်မှုများအပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး အနေဖြင့် တရားစီရင်မှုဆောင်ရွက်နိုင်သည့် အခွင့်အာဏာမရှိ ဟူသော ယူဆချက်အပေါ်အခြေခံ၍ ဤတောင်းဆိုမှုများအား ဆောင်ရွက်ခြင်းမရှိပေ။

ဤအကျဉ်းချုပ်စာတမ်းတွင် အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးအကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး အနေဖြင့် နိုင်ငံများရှိ ရာဇဝတ်မှုများအပေါ် တရားစီရင်မှုဆောင်ရွက်နိုင်သော အခွင့်အာဏာ မည်ကဲ့သို့ရယူနိုင်သည်နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး အနေဖြင့် ရာဇဝတ်မှုများအား ရှာဖွေဖော်ထုတ်သည့် နည်းလမ်းများ၊ တစ်ဦးချင်းစီအား အပြစ်ပေးအရေးယူပုံများနှင့်ပတ်သက်၍ အနည်းငယ် ရှင်းလင်းဖော်ပြထားသည်။ ဤစာတမ်းတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၂၀၀၂ ခုနှစ်မှ စတင်၍ အခြေအနေ တရပ်လုံးအတွက် တရားစီရင်ပိုင်ခွင့်ရှိကြောင်းနှင့် မြန်မာစစ်တပ်၏ ခေါင်းဆောင်များအား လူမျိုးသုဉ်း သတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် အချိန်နှောင့်နှေး ကြန့်ကြာစေခြင်းမရှိပဲ အပြစ်ပေးအရေးယူရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း နိဂုံးချုပ်ဖော်ပြထားသည်။

# နောက်ခံသမိုင်း

❖ မြန်မာနိုင်ငံတဝှမ်းတွင် ဖြစ်ပွားလျက်ရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများသည် နိုင်ငံတကာ ဥပဒေများအရ အဆိုးရွားဆုံးသော ရာဇဝတ်မှုမြောက်ပြီး ရှာဖွေဖော်ထုတ်ခြင်းနှင့် အပြစ်ပေး အရေးခြင်းများ ပြုလုပ်နိုင်သည့် အခြေအနေတွင်ရှိသည်။ အဓိကကျူးလွန်သူများမှာ အကြမ်းဖက် စစ်တပ်၏ အဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့အနေဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဆက်လက်ရရှိနေသည့်အတွက် အကြမ်းဖက်မှုများကို တိုး၍ ကျူးလွန်လျက် ရှိသည်။

❖ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒုက္ခသည်အဖြစ် ဝင်ရောက်နေထိုင်လျက်ရှိသည့် ရိုဟင်ဂျာများအပေါ် ကျူးလွန်ထားသည့် ရာဇဝတ်မှုများအား ရှာဖွေ ဖော်ထုတ်လျက် ရှိသည်။ သို့သော်လည်း အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် မြန်မာနိုင်ငံတဝှမ်း ကြီးမားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ တရားစီရင်ပိုင်ခွင့်မရှိဟူသော ယူဆချက်ဖြင့် ၂၀၂၁ ခုနှစ် စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ အပါအဝင် ရိုဟင်ဂျာများခံစားရလျက်ရှိသည့် ချိုးဖောက် ကျူးလွန်မှုများအား အပြည့်အဝ ရှာဖွေဖော်ထုတ်ခြင်းမရှိပေ။

❖ ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) သည် မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ဖြစ်ပွားလျက်ရှိသည့် ရာဇဝတ်မှုများအား ရှာဖွေဖော်ထုတ်ကာ အမှုတွဲများ ပြုစုလျက်ရှိသော်လည်း ၎င်းသည် ခုံရုံးမဟုတ်သည့်အတွက် ဖမ်းဆီးအရေးယူခြင်းများကို စတင် လုပ်ဆောင်နိုင်ခြင်း မရှိပါ။

❖ ထို့အတွက် လက်ရှိတွင် မြန်မာနိုင်ငံအမျိုးသား ညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတဝှမ်း တရားမျှတမှု ရှာဖွေ ဖော်ထုတ်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားစီရင်ခွင့်အား လက်ခံခဲ့သော်လည်း မြန်မာနိုင်ငံအတွင်းရှိ ရာဇဝတ်မှုများအား အပြည့်အဝ အရေးယူဆောင်ရွက်လိုသည့်၊ ဆောင်ရွက်နိုင်စွမ်း ရှိသည့် အပြည်ပြည်ဆိုင်ရာ ခုံရုံး မရှိသေးပါ။ လွှဲပြောင်းတာဝန်ပေးအပ်နိုင်မည့် အခြား ရွေးချယ်စရာလည်း မရှိပါ။

❖ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှ မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးရေး အပြည့်အဝ လုပ်ဆောင်နိုင်ရန် နှင့် စစ်တပ်ခေါင်းဆောင်များအား ၎င်းတို့ကျူးလွန်ထားသည့် ရာဇဝတ်မှုများအတွက် အပြစ်ပေး အရေးယူ ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီခြင်းဖြင့် တာဝန်ယူမှုတာဝန်ခံမှု လိုအပ်ချက်အား ဖြေရှင်းနိုင်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံအတွက် တရားမျှတမှုဖော်ဆောင်နိုင်ရန်နှင့် ဆိုးရွားသည့်ရာဇဝတ်မှုများ အဖန်တလဲလဲ ဆက်လက် ဖြစ်ပွားခြင်းအား ကာကွယ်ရန်အတွက် ဤသို့သော လုပ်ဆောင်မှုများမှာ လွန်စွာ အရေးကြီးသည်။



SPECIAL ADVISORY COUNCIL SAC-M MYANMAR

# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး ဆိုသည်မှာ အဘယ်နည်း။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအား ၁၉၉၈ ရောမဥပဒေသဘောတူညီချက်အရ ၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာ ဥပဒေများအရ ပြင်းထန်ဆိုးရွားသည့် ရာဇဝတ်မှုကျူးလွန်သူများအား အပြစ်ပေး အရေးယူရန်နှင့် ကျူးလွန်ခံရသူများအနေဖြင့် တရားမျှတမှု ရရှိစေရန်အတွက် စီစဉ်ဆောင်ရွက်ရန်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့တွင် အခြေစိုက်ပြီး ၎င်း၏ စုံစမ်းစစ်ဆေးရေး အရာရှိများနှင့် ဝန်ထမ်းများက ကမ္ဘာတဝှမ်းတွင် လှည့်လည် လျက်ရှိသည်။ အပြည်ပြည် ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် ကမ္ဘာ့ကုလသမဂ္ဂစနစ်၏ တရားဝင်အစိတ်အပိုင်းတစ်ခု မဟုတ်သော်လည်း ချိတ်ဆက်မှု ရှိသည်။

ပုံမှန်အားဖြင့် ကမ္ဘာတဝှမ်းလုံးတွင် ကျင့်သုံးသည့်ပုံစံမှာ ရာဇဝတ်မှုများဖြစ်ပွားသည့် နိုင်ငံအတွင်းတွင်သာ စုံစမ်းစစ်ဆေးမှု ပြုရမည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာဥပဒေပါ ရာဇဝတ်မှုများအား ချိုးဖောက်ခြင်းအပေါ် တရားမျှတသည့် ရုံးတင်စစ်ဆေးမှု ရှိသင့်သော်လည်း လက်ရှိအချိန်တွင် ဖြစ်နိုင်ချေမရှိပါ။ မြန်မာနိုင်ငံရှိ စစ်တပ်လက်အောက်ခံ တရားရုံးများမှာ လွတ်လပ်ခြင်း မရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ တရားမျှတမှု စံချိန်စံနှုန်းပြည့်မီခြင်းနှင့် တရားဥပဒေစိုးမိုးခြင်းမရှိပါ။ တချိန်တည်းတွင် ပြည်သူများအပေါ် စစ်တပ်မှ ဆက်လက်တိုက်ခိုက်မှု များကြောင့် တိုင်းရင်းသားဒေသများနှင့် တော်လှန်ရေးခေါင်းဆောင်များ၏ အုပ်ချုပ်မှု အောက်တွင်ရှိသော ဒေသများမှာ အလွန်ဆိုးရွားသည့် ရာဇဝတ်မှုများနှင့် အခြားသော အခက်အခဲ အတားအဆီးများအား ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံးအနေဖြင့် ဤကဲ့သို့ ဒေသတွင်းအာဏာပိုင်များအပေါ် တရားမျှတမှု ဖော်ဆောင်ရန် မတတ်နိုင်သည့်အခြေအနေ သို့မဟုတ် ၎င်းတို့အနေဖြင့် ပူးပေါင်း လိုစိတ်မရှိသည့် အခြေအနေများအတွက် တည်ရှိနေခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ စသည့် နိုင်ငံတကာဥပဒေများအရ အဆိုးရွားဆုံး ရာဇဝတ်မှုများကိုသာ တာဝန်ယူဆောင်ရွက်သည်။ ထိုတာဝန်ယူ ဆောင်ရွက်နိုင်သည့် ရာဇဝတ်မှုများကို ရောမဥပဒေတွင် စာရင်းပြုစု ဖော်ပြထားသည်။

လက်ရှိတွင် ကမ္ဘာတစ်ဝှမ်းမှ နိုင်ငံပေါင်း ၁၃၂ နိုင်ငံ သည် ရောမဥပဒေ၏ အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ စီရင်ဆုံးဖြတ်ချက်များကို လက်ခံကြသည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရမှ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး အလုပ်ကျသပ်သပ်မှုသို့ တင်သွင်းသည့် နောက်ဆက်တွဲ အစီရင်ခံစာတွင် ရောမဥပဒေအား လက်ခံခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် အထက်တွင်ဖော်ပြထားသည့် ရာဇဝတ်မှုများအားကျူးလွန်သည်ဟု စွဲချက်တင်ခံရသည့် တစ်ယောက်ချင်းစီအား ခုံရုံးတင်စစ်ဆေးသည်။ နိုင်ငံအတွင်းရှိ ပြစ်မှုဆိုင်ရာ ဥပဒေများ ကဲ့သို့ပင် ခုံရုံးသည် ရာဇဝတ်မှုများအတွက် တစ်ဦးတစ်ယောက်ချင်းစီ၏တာဝန်ရှိမှုကို အဓိကပစ်မှတ်ထားသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် နိုင်ငံတကာဥပဒေအောက်တွင် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် နိုင်ငံများ သို့မဟုတ် အစိုးရများအား စုံစမ်းစစ်ဆေးခွင့် သို့မဟုတ် စွဲချက်တင်နိုင်ခွင့်မရှိပါ။ သို့သော်လည်း ခေါင်းဆောင်များ၊ အရာရှိများနှင့် စစ်သားများအား စုံစမ်းစစ်ဆေးခြင်းနှင့် စွဲချက်တင်ခြင်းများပြုလုပ်နိုင်သည်။ အစိုးရလက်နက်ကိုင်အဖွဲ့အစည်း မဟုတ်သည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များသည်လည်း စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း ခံရနိုင်သည်။

ထိုသို့လုပ်ဆောင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတွင် တရားသူကြီးများ၊ စုံစမ်းစစ်ဆေးရေးမှူးများ၊ စီစစ်ရေးမှူးများ၊ တရားထိန်းများနှင့် တရားခံရှေ့နေများရှိသည်။ အခြားဝန်ထမ်းများက ထိန်းသိမ်းရေးစခန်းများ၊ သက်သေကာကွယ်ရေးအစီအစဉ်များနှင့် ကျူးလွန်ခံရသူများကို ထောက်ပံ့ပေးသည့် လုပ်ဆောင်မှုများအား စီမံကွပ်ကဲခြင်းများအပါအဝင် များစွာသောလုပ်ငန်းများအားတာဝန်ယူဆောင်ရွက်ကြသည်။

## ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေများအပေါ် နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ဆုံးဖြတ်ချက်ကို လက်ခံသည့် ကြေညာချက်အား မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရမှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် တင်သွင်းခဲ့သည်။



Photo - coalitionfortheicc.org

# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် မည်သည့်နေရာတွင် စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်သနည်း။

အရေးကြီးသည့် အချက်မှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် ၎င်း၏ တရားဝင် တရားစီရင်ပိုင်ခွင့် ရှိသော နယ်မြေများတွင် ဖြစ်ပွားသည့် ရာဇဝတ်မှုများကိုသာ စုံစမ်းစစ်ဆေးခွင့်နှင့် ခုံရုံးတင် စစ်ဆေးပိုင်ခွင့် ရှိသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် နယ်မြေဒေသတစ်ခုတွင် တရားစီရင်ပိုင်ခွင့် ရရှိရန် အဓိက လမ်းကြောင်း လေးခုရှိပြီး ထိုလမ်းကြောင်းတစ်ခုစီတိုင်းက နိုင်ငံတကာဥပဒေများအရ မြန်မာနိုင်ငံတွင် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် အတွက် လမ်းကြောင်းခင်းပေးထားသည်။

**၁။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အဖွဲ့ဝင်ဖြစ်ခြင်း (နိုင်ငံများ)**

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် (ရောမဥပဒေတွင် ပါဝင်သော) နိုင်ငံတကာဥပဒေအရ ရောမဥပဒေ၏ အဖွဲ့ဝင်နိုင်ငံများနှင့် ပတ်သက်သော ရာဇဝတ်မှုများအတွက် တရားစီရင်ပိုင်ခွင့်ရှိသည်။ နိုင်ငံအနေဖြင့် ထိရောက်သော စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုခြင်းအား လုပ်ဆောင်နိုင်ခြင်း မရှိပါက သို့မဟုတ် လုပ်ဆောင်လိုခြင်း မရှိပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် ဤလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် အတွက် ထိုနိုင်ငံ၏ တရားရေးစနစ်တွင် ဖြည့်စွက်ဆောင်ရွက်သည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နေရာဒေသအချို့တွင် ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား ရှာဖွေဖော်ထုတ်စစ်ဆေးရန်အတွက် ၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားသူကြီးများမှ တရားထိန်းများအား အခွင့်အာဏာ ပေးအပ်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်သော်လည်း မြန်မာနိုင်ငံမှာမူ အဖွဲ့ဝင်နိုင်ငံ မဟုတ်ပါ။ ထို့အတွက်ကြောင့် ရောမဥပဒေတွင် ပါဝင်သည့် ရာဇဝတ်မှုများထဲမှ အနည်းဆုံးတစ်ခုအား (အဓမ္မ နေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်းကဲ့သို့ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု) ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျူးလွန်ခဲ့ပါက မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် တရားစီရင်ပိုင်ခွင့် ရှိသည်။ ထို့အတွက်ကြောင့် မြန်မာနိုင်ငံအတွင်းတွင်သာ ဖြစ်ပွားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ

နှင့်ပက်သက်ခြင်းမရှိသော ရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတွင် တရားစီရင်ခွင့် မရှိပါ။

## ၂။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကြေညာချက်

ရောမဥပဒေ၏ အဖွဲ့ဝင်မဟုတ်သေးသော နိုင်ငံတစ်နိုင်ငံအနေဖြင့် တရားမျှတမှုကို ရယူလိုသော်လည်း ထိုသို့ လုပ်ဆောင်နိုင်စွမ်း မရှိပါက အခြေအနေအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲအပ်ရန် ကြေညာချက် ထုတ်ပြန်နိုင်ပြီး တရားရုံးအနေဖြင့် ဆက်လက်အရေးယူဆောင်ရွက်နိုင်သည်။ ဤအချက်ကို ရောမဥပဒေ၏ ပိုဒ်ခွဲ ၁၂(၃) တွင် ဖော်ပြထားသည်။

ဥပမာအားဖြင့် ၂၀၁၄ ခုနှစ်တွင် ပါလက်စတိုင်းနိုင်ငံမှ ထိုသို့သော ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီးနောက်တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှ စုံစမ်းစစ်ဆေးခွင့် ရရှိခဲ့သည်။ ထိုသို့ လွှဲအပ်ခြင်းသည် အဖွဲ့ဝင်ဖြစ်ရန် လမ်းကြောင်းတစ်ခုလည်း ဖြစ်နိုင်သည်။

မြန်မာစစ်တပ်မှ ဥပဒေနှင့် မညီသော အာဏာသိမ်းရန် ကြိုးပမ်းမှုပြီး လအနည်းငယ်ကြာပြီးနောက် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အမျိုးသားညီညွတ်ရေးအစိုးရမှ မြန်မာနိုင်ငံအတွင်း ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ ဖြစ်ပျက်ခဲ့သော အရာများအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ စီရင်ချက်ကိုခံယူရန် လက်ခံသည့် ကြေညာချက်ကို တင်သွင်းခဲ့သည်။ ဤကြေညာချက်ကို နိုင်ငံတကာဥပဒေအရ ထိုသို့လုပ်ဆောင်ရန် တရားဝင်အခွင့်အာဏာရရှိထားသည့် နိုင်ငံ့ဥသျှောင် ယာယီသမ္မတမှ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဤကြေညာချက်သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအား မြန်မာနိုင်ငံတဝှမ်းလုံး၏ အခြေအနေကို စုံစမ်းစစ်ဆေးရန် အခွင့်အာဏာပေးအပ်ထားနိုင်ပြီး စုံစမ်းစစ်ဆေးရေးများ ဆောင်ရွက်နိုင်ခွင့်ကို သေချာစွာ အာမခံပေးထားကာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများကလည်း အသိအမှတ်ပြုလက်ခံထားသည်။ သို့သော်လည်း ထိုစုံစမ်းစစ်ဆေးမှုအားစတင်နိုင်ခြင်း မရှိသည့်အပြင် အစိုးရအား တရားဝင် အစိုးရအဖြစ် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အသိအမှတ်ပြုရန် ဆက်လက်ပျက်ကွက်နေသည့် အတွက် မြန်မာနိုင်ငံ၏ ကြေညာချက်မှာလည်း အငြင်းပွားစရာအဖြစ် ရှိနေသေးသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံမှ တရားမဝင်စစ် အုပ်စုအား မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် လက်ခံရန်ငြင်းပယ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရမှ တင်မြှောက်ထား သူများအား မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် လက်ခံသော်လည်း ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ တရားရုံးက မတူညီသော နည်းလမ်းဖြင့် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် မြန်မာနိုင်ငံအတွင်း ခုံရုံး၏ တရားစီရင်ပိုင်ခွင့်အား လက်ခံသည့် အမျိုးသားညီညွတ်ရေးအစိုးရမှ တင်သွင်းလာသော ပုဒ်မ ၁၂(၃) ဆိုင်ရာ ကြေညာချက်အားလက်ခံရန် တရားဝင်အခွင့်အာဏာ ရှိသော်လည်း ထိုကြေညာချက်အပေါ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ သဘောထားမှာရှင်းလင်းမှု မရှိပါ။

ထို့အပြင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တယားသည် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ အခြေအနေအားလုံးကို စုံစမ်းစစ်ဆေးရန် အခွင့်အာဏာ ရရှိထားပြီး ရရှိသည့် အချက်အလက်များကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် မျှဝေရန်အတွက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ရှိထားပြီးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြေညာချက်ကို လက်ခံပါက ဘင်္ဂလားဒေ့ရှ်/မြန်မာ၏ အခြေအနေတွင် သတ်မှတ်အခြေအနေထက် ကျော်လွန်၍ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှ စွဲချက်တင်ရန် လုပ်ဆောင်ရာတွင် စုံစမ်းစစ်ဆေးရေးယန္တယား၏ အမှုတွဲစာရင်းများက အကူအညီဖြစ်စေနိုင်လိမ့်မည်။

## ၃။ အဖွဲ့ဝင်နိုင်ငံများမှ လွှဲပြောင်းပေးအပ်ခြင်း

ရောမဥပဒေ၏ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ အစိုးရရှေ့နေအား စုံစမ်းစစ်ဆေးရေး စတင်ဆောင်ရွက်ရန် တောင်းဆိုနိုင်ပြီး ထိုအထဲတွင် ရောမဥပဒေစာချုပ်၏ အဖွဲ့ဝင်နိုင်ငံများမှ လွှမ်းခြုံနိုင်မှုမရှိသော ဖြစ်ရပ်များလည်း ပါဝင်နိုင်သည်။ ရောမဥပဒေ၏ ပုဒ်မ ၁၄ တွင် ဤအချက် ပါဝင်သည်။

ဥပမာအားဖြင့် ၂၀၂၂ ခုနှစ် မတ်လတွင် ရောမဥပဒေ၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၉ နိုင်ငံမှ ယူကရိန်း၏ အခြေအနေအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ တင်သွင်းခဲ့ပြီးနောက်တွင် အစိုးရ ရှေ့နေမှ စုံစမ်းစစ်ဆေးမှုတစ်ရပ်အား စတင်ရန် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ယူကရိန်းနိုင်ငံသည် ရောမဥပဒေ၏ အဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း ၎င်းမှ ပုဒ်မ ၁၂ (၃) အရ ခုံရုံး၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း မကြာမီက ကြေညာခဲ့ပြီး ထိုကြေညာချက်သည် လွှဲပြောင်းပေးအပ်ခြင်းအား လက်ခံကြောင်းကို ပြသချက်တစ်ခုလည်းဖြစ်သည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံ၏ အမျိုးသား



SPECIAL ADVISORY COUNCIL SAC-M MYANMAR

ညီညွတ်ရေးအစိုးရသည်လည်း အလားတူ ကြေညာချက်ကို တင်သွင်းခဲ့သည့်အတွက် ဤအခြေအနေက မြန်မာနိုင်ငံတွင် စုံစမ်းစစ်ဆေးမှု အပြည့်အဝ လုပ်ဆောင်နိုင်ပြီး စုံစမ်းစစ်ဆေးမှုအား လုပ်ဆောင်သင့်ကြောင်း ဖော်ပြလျက်ရှိနေသည်။

## ၄။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ လွှဲပြောင်းပေးအပ်ခြင်း

နိုင်ငံတစ်နိုင်ငံသည် ရောမဥပဒေ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း အခြေအနေမှာ နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုရှိသည်ဟု မှတ်ယူပါက ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ထိုအခြေအနေအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ တင်သွင်းနိုင်သည်။ ထိုအခါ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် မြန်မာနိုင်ငံ နယ်နိမိတ်တစ်ခုလုံး၏ အခြေအနေကို စုံစမ်းစစ်ဆေးခွင့် ရရှိနိုင်ပြီး ထိုအထဲတွင် စစ်သားများမှ မြန်မာနိုင်ငံ၏ နေရာတော်တော်များများ သို့မဟုတ် တနိုင်ငံလုံး အတိုင်းအတာဖြင့် ကျူးလွန်ခဲ့သည့် နိုင်ငံတကာ ဥပဒေအရ ရာဇဝတ်မှုများပါစုံစမ်းစစ်ဆေးခွင့် ရရှိနိုင်မည် ဖြစ်သည်။

လွှဲပြောင်းမှုတစ်ခု ပြုလုပ်နိုင်ရန်အတွက် လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင် ၁၅ နိုင်ငံထဲမှ အနည်းဆုံး အဖွဲ့ဝင် ၉ နိုင်ငံက လွှဲပြောင်းရန် ဆုံးဖြတ်ချက်အား ထောက်ခံမဲပေးရမည်ဖြစ်ပြီး အမြဲတမ်းအဖွဲ့ဝင်များ (တရုတ်၊ ပြင်သစ်၊ ရုရှား၊ အင်္ဂလန်နှင့် အမေရိက) မှ ဗီတိုအာဏာ အသုံးပြုပိုင်ခွင့် မရှိပါ။

လုံခြုံရေးကောင်စီမှ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းခဲ့သည့် ပထမဆုံး အမှုမှာ ၂၀၀၅ ခုနှစ် ဆူဒန်နိုင်ငံ ဒါဖာဒေသ အခြေအနေဖြစ်သည်။ ထို့နောက် ၂၀၁၁ ခုနှစ်တွင် "ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိမှု" (R2P) ရည်ညွှန်းချက်အရ လုံခြုံရေးကောင်စီအဖွဲ့ဝင်များမှ လစ်ဗျားနိုင်ငံ၏ အခြေအနေအား လွှဲအပ်ခဲ့သည်။ ထိုအချိန်မှစ၍ လုံခြုံရေးကောင်စီသည် "ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိမှု" (R2P) အရ အရေးယူဆောင်ရွက်ခြင်း မရှိတော့ပေ။ ထိုအရေးယူဆောင်ရွက်ခြင်း မရှိတော့သည့်အထဲတွင် မြန်မာနိုင်ငံ၏ အခြေအနေအား ၎င်း၏ အခွင့်အာဏာသုံး၍ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲအပ်ခြင်းလည်း ပါဝင်သည်။

လက်ရှိအချိန်အထိ လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ မြန်မာနိုင်ငံ၏ အခြေအနေအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရန် လုပ်ဆောင်ခြင်းမရှိသေးပါ။ သမိုင်းအရ ယူကေ (အင်္ဂလန်နိုင်ငံ၊ စကော့တလန်နိုင်ငံ၊ ဝေးလ်နိုင်ငံ၊ မြောက်အိုင်ယာလန်နိုင်ငံ)သည် မြန်မာ့အရေးအတွက် ဆုံးဖြတ်ချက်မူကြမ်းရေးဆွဲရာတွင် ဦးဆောင်နိုင်ငံဖြစ်ခဲ့သော်လည်း ၎င်းအနေဖြင့် စစ်အုပ်စုနှင့် ပနံသင့်သည့် ရုရှားနှင့် တရုတ်ကဲ့သို့သော အခြား အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများမှ ၎င်းအနေဖြင့် ဗီတိုအာဏာသုံး၍ ကန့်ကွက်ခံရမည့် ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းခြင်း ကဲ့သို့သော ဆုံးဖြတ်ချက်ကို တင်သွင်းခြင်း မရှိသေးပါ။ သို့သော် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများသည် အခြားနိုင်ငံများအရေးတွင် ဗီတိုအာဏာအသုံးပြု၍ ကန့်ကွက်ခံရမည်ဖြစ်သောကြောင့် ဆုံးဖြတ်ချက်ကို မတင်သွင်းခြင်းမျိုး မရှိပါ။ ဥပမာအားဖြင့် ယူကရိန်းနိုင်ငံအပေါ် ရုရှား၏ အကြမ်းဖက်မှုအား ရှုံ့ချသည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ရုရှားအနေဖြင့် ၎င်း၏ ဗီတိုအာဏာအား အသုံးပြုရန် သေချာသော်လည်း အမေရိကန်နှင့် အယ်လ်ဘေးနီးယားနိုင်ငံများမှ ထိုဆုံးဖြတ်ချက်အား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တင်သွင်းခဲ့သည်။ နောက်ပိုင်းတွင် လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာ အသုံးပြုခြင်းအားလျှော့ချပြီး ဗီတိုအာဏာ အသုံးပြုရာတွင် တာဝန်ယူမှုတာဝန်ခံမှုတိုးမြှင့်လာစေရန် ရည်ရွယ်သည့် အမိက ဆုံးဖြတ်ချက် တစ်ရပ်အား အထွေထွေညီလာခံမှ ၂၀၂၂ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့သည်။

အကယ်၍ယူကေနှင့် အခြားနိုင်ငံတစ်နိုင်ငံမှ မြန်မာနိုင်ငံ အခြေအနေအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး သို့ လွှဲအပ်ရန် လုံခြုံရေးကောင်စီသို့ တင်သွင်းပါက ထိုလုပ်ငန်းစဉ်နှင့် အဆိုပြုချက်သည် စစ်အုပ်စုအား နိုင်ငံတကာအသိုင်းအဝိုင်းထဲတွင် ပိုမိုအထီးကျန်စေမည် ဖြစ်သည်။ ထိုအဆိုပြုချက်မှာ အောင်မြင်မှုမရှိခဲ့ပါ လုံခြုံရေးကောင်စီသည် ကောင်းမွန်စွာ လုပ်ငန်းလည်ပတ်ခြင်း မရှိကြောင်းနှင့် အခြေအနေအား ဖြေရှင်းနိုင်ခြင်း မရှိကြောင်း ပြသနေမည်ဖြစ်ပြီး အထွေထွေညီလာခံ သို့မဟုတ် လူ့အခွင့်အရေးကောင်စီက ပိုမိုအားကောင်းသည့် အရေးယူခြင်းများ လုပ်ဆောင်ရန် တွန်းအား ဖြစ်မည်ဖြစ်သည်။ အထွေထွေညီလာခံ သို့မဟုတ် လူ့အခွင့်အရေးကောင်စီအနေဖြင့် တာဝန်ယူမှု တာဝန်ခံမှု ဆိုင်ရာ လိုအပ်ချက်ကို ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံအတွက် အထူးခုံရုံးတစ်ရပ်ကို စီစဉ်နိုင်ပြီး တရားရုံးအား ရုံးတင်စစ်ဆေးရန် တာဝန်ပေးအပ်နိုင်သည်။



ဤပုံကို ဗုဒ္ဓဘာသာဝင် ကျေးရွာလူကြီး တစ်ဦးထံမှ ရရှိခဲ့ခြင်းဖြစ်ပြီး Reuters သတင်းဌာနမှ ထုတ်ဝေထားကာ အင်ဒင်းရွာ အုပ်စုလိုက်လူသတ်မှု ဖြစ်ပွားသည့်အချိန်တွင် ရိုက်ယူထားခြင်းဖြစ်သည်။ အင်ဒင်းရွာ အုပ်စုလိုက် လူသတ်မှုသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်သည့် အလွန်ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်သည်။ အကြမ်းဖက်မှုအား ကျူးလွန်ခဲ့သော သူများအနေဖြင့် ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုအတွက် အပြစ်ပေး အရေးယူခံရခြင်း မရှိသေးပါ။

# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသည် စုံစမ်းစစ်ဆေးရေးနှင့် အမှုစွဲဆိုခြင်းအား မည်သို့ လုပ်ဆောင်သနည်း။

နိုင်ငံတကာရာဇဝတ်ခုံရုံး၏ စုံစမ်းစစ်ဆေးသူများသည် သတင်းအချက်အလက်များနှင့် သက်သေအထောက် အထားများ ရရှိနိုင်ရန်အတွက် ရာဇဝတ်မှုဖြစ်ပွားခဲ့သည့် နေရာများသို့ သွားရောက်ရန် နည်းလမ်းရှာဖွေကြသည်။ ဘင်္ဂလားဒေ့ရှ်/ မြန်မာနိုင်ငံဆိုင်ရာ အခြေအနေအား စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးသူများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို သွားရောက်ခဲ့ကြသော်လည်း မြန်မာနိုင်ငံသို့ လာရောက်ရန်မှာ အာဏာပိုင်များမှ ဗီဇာပေးရန် ငြင်းဆန်သဖြင့် လာရောက်နိုင်ခြင်း မရှိပါ။ ဤအခြေအနေက ၎င်းတိုအား သက်သေအထောက် အထားများ စုဆောင်းရန် ပိုမိုခက်ခဲစေသော်လည်း နည်းလမ်းမရှိခြင်း မဟုတ်ပေ။ သတင်းအချက်အလက်များအား မြန်မာနိုင်ငံ ပြင်ပတွင် နေထိုင်သူများနှင့် တွေ့ဆုံခြင်း၊ မြန်မာပြည်တွင်း နေထိုင်သူများအား အွန်လိုင်း အသုံးပြု၍ အဝေးမှဆက်သွယ်ခြင်း အပြင် စာရွက်စာတမ်းများ၊ ဗီဒီယိုများ၊ ဓါတ်ပုံများနှင့် ဂြိုလ်တုဓာတ်ပုံများ သိုမဟုတ် အင်တာနက်မှ အချက်အလက်များ စုဆောင်းရယူနိုင်သည်။ စုံစမ်းစစ်ဆေးသူများမှ အမှုတွဲဖွင့်ပြီးလျှင် နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားထိန်းမှ ဤအမှုတွဲအား အမှုစွဲဆိုရန် သင့်၊ မသင့် ဆုံးဖြတ်ပြီးနောက် အကယ်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရရှိပြီး သဟိတ်သို ပို့ဆောင်နိုင်ပါက တရားရုံးတွင် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်နိုင်ရန် အလားအလာရှိသည်။

ဤလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များအတွက် စိန်ခေါ်မှုတစ်ရပ်မှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး အနေဖြင့် ၎င်းတို့၏ လုပ်ငန်းများအား ထိရောက်စွာလုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးနှင့် လူ့အရင်းအမြစ်မရှိခြင်း ဖြစ်သည်။ အခြားစိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်းသည် ပြည်တွင်းရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းထက် ပိုမိုခက်ခဲသည်။ အကြောင်းမှာ တစ်ဦးချင်းအလိုက် ရာဇဝတ်မှုများ

ကျူးလွန်ရာတွင် တာဝန်ရှိကြောင်း သက်သေပြနိုင်ရန် သတ်မှတ်ချက်များ ပြည့်မီရမည်ဖြစ်ပြီး ဆိုလိုသည်မှာ အချက်အလက်များ ပိုမိုလိုအပ်လေ့ရှိသည်။ ဥပမာအားဖြင့် “လူသတ်မှုနှင့်ဆိုင်သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု”အတွက် သတ်မှတ်ချက်များစွာကို ပြည့်မီရမည် ဖြစ်သည်။ ထိုအထဲတွင် လူသတ်မှုတစ်ခုထက် ပိုမိုဖြစ်ပွားရမည် ဖြစ်ပြီး ထိုလူသတ်မှုများသည် ပြည်သူများအား တိုက်ခိုက်နေချိန် အတွင်း ဖြစ်ပွားရမည်ဖြစ်သည်။

ယေဘုယျအားဖြင့် ရာထူးနိမ့် တပ်သားများထက် အဆင့်မြင့် တာဝန်ယူထားသူများသာလျှင် တရားစွဲဆိုခြင်း ခံရလေ့ ရှိသည်။ ထိုသူသည် ရာဇဝတ်မှုများကိုဆောင်ရွက်ရန် အမိန့် ပေးသော စစ်တပ်မှ ဗိုလ်မှူးဖြစ်နိုင်သည်။ အစိုးရအရာရှိလည်း ဖြစ်နိုင်သည်။ ထိုသူတဦးချင်းစီအား ထိရောက်စွာ တရားစွဲဆိုနိုင်ရန် အတွက်မှာ ထိုသူများအပေါ် သံသယရှိခြင်းထက် ထိုသူများမှ ရာဇဝတ်မှုများ ဖြစ်ပွားခဲ့သည်နှင့်ပတ်သက်၍ သိရှိကြောင်း ပြသ နိုင်ရမည်ဖြစ်ပြီး အထက်ဖော်ပြပါ အခြားသော သတ်မှတ်ချက်များ နှင့်လည်း ပြည့်မီရမည်။ ရာထူးနိမ့် တပ်သားများနှင့် အရာရှိများ အနေဖြင့် ဤအမှုတွဲအား တည်ဆောက်နိုင်ရန်အတွက် အသုံးဝင်သည့် အချက်အလက်များ ပေးအပ်နိုင်ပြီး အခြေအနေအရ ၎င်းတို့လည်း တရားစွဲဆိုခံရနိုင်သည်။

စုံစမ်းရေးမှူးများမှ အဓိကအားဖြင့် အဓိက သက်သေ နှစ်မျိုးကို ရှာဖွေရမည်။ ၎င်းတို့မှာ “ရာဇဝတ်မှုအပေါ် အခြေခံသော သက်သေ”နှင့် “ချိတ်ဆက်မှုကို ပြသည့်သက်သေများ” ဖြစ်သည်။ ရာဇဝတ်မှုအပေါ် အခြေခံသည့် အချက်အလက်များမှာ အခင်း ဖြစ်ပွားသည့် နေရာတွင် ဖြစ်ပျက်ခဲ့သော အရာများ ဥပမာအားဖြင့် အခင်းနှင့်ပတ်သက်သော မှတ်တမ်းဗီဒီယို၊ ဓါတ်ပုံ သို့မဟုတ် သက်သေ၏ သက်သေခံချက် ဖြစ်သည်။ ထိုအထဲတွင် တစ်စုံတစ်ဦး၏ ဖုန်း သို့မဟုတ် စီစီတီဗီမှ မှတ်တမ်းရုပ်သံ ပါဝင် နိုင်သည်။ ထိုအဖြစ်အပျက်ကို မြင်တွေ့ခဲ့ရသော တစ်စုံတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်းလည်း ပါဝင်နိုင်သည်။ အလောင်းခွဲစိတ်မှု မှတ်တမ်းလည်း ပါဝင်နိုင်သည်။ ချိတ်ဆက်မှုကိုပြသည့် အချက်အလက်များမှာ တစုံတဦးမှ အခင်းဖြစ်သည့် နေရာတွင် မရှိသော်လည်း ထိုသူမှာရာဇဝတ်မှုနှင့် ဆက်စပ်နေသည့် အချက်အလက်ဖြစ်သည်။ ဥပမာအားဖြင့် စစ်တပ်ဗိုလ်မှူး တစ်ယောက်သည် အခင်းဖြစ်ပွားသည့်နေရာတွင် မရှိသော်လည်း ထိုရာဇဝတ်မှုအား အစီအစဉ်ဆွဲခြင်းနှင့် အမိန့်ပေးခြင်းတွင် ပါဝင် ခဲ့သည်။ ဆက်စပ်အချက်အလက်များတွင် အဆင့်ဆင့် အမိန့်ပေးမှု စနစ်၊ အမိန့်များနှင့် စည်းမျဉ်းများ၊ ဆက်သွယ်ချက်များ၊ အီးမေးလ်များနှင့် မက်ဆင်ဂျာတွင် ပြောထားသည့် အချက်များ ပါဝင်နိုင်သည်။ အသုံးဝင်ဆုံး ဆက်စပ်အချက်အလက်များမှာ “အတွင်းလူများ” ထံမှဖြစ်သည်။ စစ်တပ်သို့မဟုတ် အစိုးရတွင်းမှ လူများ၊ အထူးသဖြင့် အာဏာပိုင်များနှင့် ပြောဆို ဆက်ဆံနိုင်ပြီး အထက်အရာရှိများနှင့် မြေပြင်အခြေအနေကြားမှ ဆက်ဆံရေးများ၊ ချိတ်ဆက်ဆောင်ရွက်မှု များနှင့် ပတ်သက်၍ အတွေ့အကြုံရှိသော အကြီးတန်း အရာရှိများထံမှ ရရှိသည့် အချက်အလက်များ ဖြစ်သည်။

စုံစမ်းစစ်ဆေးရေးထိရောက်မှုရှိစေရန်အတွက် သက်သေ အထောက်အထားအားလုံးမှာ အရေးကြီးသည်။ သက်သေ အထောက်အထားများ၏ အရည်အသွေးနှင့် ပမာဏ လုံလောက်မှု ရှိပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှ တရားရုံးတစ်ရပ် အနေဖြင့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် တရားစွဲဆိုနိုင်ပြီး အကျဉ်းချရန် တောင်းဆိုနိုင်သည်။

ဤသို့ အဆင့်မြင့်အရာရှိများအား တရားစွဲဆိုနိုင်ရန်မှာ မြေပြင်တွင် ဖြစ်ပွားလျက်ရှိသော အခြေအနေများတွင် ၎င်းတို့ အနေဖြင့် ပြစ်မှုဆိုင်ရာ တာဝန်ရှိကြောင်းကို ပြသနိုင်မည့် ချိတ်ဆက် သက်သေများ လိုအပ်သည်။ ဤသို့သော သက်သေများမှာ ရရှိရန်လည်း ခက်ခဲသည်။

ရုံးတင်စစ်ဆေးခြင်း မစတင်မီ တရားစွဲဆိုခံထားရသည့် ကျူးလွန်သူသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ထိန်းသိမ်းထားခြင်းကို ခံရမည်။ သံသယရှိသူမှာ နိုင်ငံတကာသို့ ခရီးသွားလာခြင်း မရှိပါက ဤအချက်အား လုပ်ဆောင်ရန် ခက်ခဲ တတ်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတွင် ၎င်းကိုယ်ပိုင် ရဲတပ်ဖွဲ့မရှိပါ။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် သံသယ ရှိသူအား ဖမ်းဆီးခေါ်ဆောင်ရန်နှင့် သံသယရှိသူအနေဖြင့် ၎င်း၏ နိုင်ငံမှ ထွက်ခွာနိုင်ရန်အတွက် ရောမဥပဒေ အဖွဲ့ဝင်နိုင်ငံများအပေါ် မှီခိုရသည်။ အကယ်၍ ထိုသူအား ဖမ်းဆီးထိန်းသိမ်းပြီး သဟိတ်မြို့သို့ ပို့ဆောင်ပြီးပါက ရုံးတင်စစ်ဆေးခြင်း စတင်မည် ဖြစ်သည်။ တရားစွဲဆို ခံရသူသည် နိုင်ငံတကာတရားမျှတမှုစံချိန် စံနှုန်းများနှင့်အညီ ဥပဒေအကြံပေးမှုရယူခြင်း၊ အပြစ်ကင်းကြောင်း ယူဆခြင်းနှင့် အယူခံဝင်ခွင့်များအပါအဝင် လုပ်ငန်းစဉ်တလျှောက် တရားမျှတမှုဆိုင်ရာ အခွင့်အရေးအားလုံး ရရှိမည်ဖြစ်သည်။ ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားပါက တရားစွဲဆိုခံရသူအနေဖြင့် သဟိတ် သို့မဟုတ် ၎င်းတို့အား လက်ခံနိုင်မည့် အခြားနိုင်ငံတစ်နိုင်ငံတွင် အချိန်အတိုင်းအတာ တစ်ခုအထိ ထောင်ချခံရမည်။

ဤစုံစမ်းစစ်ဆေးမှုများတွင် ပြစ်မှုကျူးလွန်ခံရသူများ အနေဖြင့်လည်း အဆင့်တိုင်းတွင် ပါဝင်ခွင့် အပါအဝင် အခြား အခွင့်အရေးများ ရရှိနိုင်သည်။ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ်မှ

ရိုဟင်ဂျာ ဒုက္ခသည်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီး ၎င်းတို့၏ အမြင်များအား တင်ပြကာ တရားစွဲဆိုမှု ဖြစ်စဉ်နှင့်ပတ်သက်၍ လေ့လာခွင့်ရရှိခဲ့သည်။ ထိရောက်သော တရားစွဲဆိုမှု ဖြစ်စေရန် အတွက် ကျူးလွန်ခံရသူများ၏ သက်သေခံချက်များသည် တရားစီရင်ရေးတွင် အရေးကြီးပြီး အားကောင်းသည့် အစိတ်အပိုင်း ဖြစ်သည်သာမက ကျူးလွန်ခံရသူများအား ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေခွင့်လည်း ရရှိစေနိုင်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအနေဖြင့် ရာဇဝတ်မှု ကျူးလွန်ခံရသူများအား အကူအညီပေးရေးအစီအစဉ်များ (ဥပမာအားဖြင့် ပြစ်မှုကျူးလွန်သူ၏ ပိုင်ဆိုင်မှုများအား ကျူးလွန်ခံရသူများထံ ပြန်လည်ခွဲဝေပေးရန် တောင်းဆိုချက်များ) ကို လုပ်ဆောင်ပေးရန် အမိန့်ပေးပိုင်ခွင့် ရှိသည်။

# နိဂုံး

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားထိန်းများသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် စတင်လုပ်ဆောင်ခြင်းဖြင့် မြန်မာစစ်တပ်မှ ကျူးလွန်သည့် ရာဇဝတ်မှုများအား ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မှန်ကန်စွာ လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း ဤစုံစမ်းစစ်ဆေးမှုသည် အထူးသဖြင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ အဓမ္မရွှေ့ပြောင်းနေထိုင်စေခြင်းဟူသည့် နယ်စပ်ဖြတ်ကျော်ခြင်းနှင့် ဆက်စပ်သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ အတွက်သာ ကန့်သတ်ထားသည်။ ထို့အတွက်ကြောင့် ဤစစ်ဆေးမှုတွင် ဖြစ်နိုင်ချေရှိသော လူမျိုးသုဉ်းသတ်ဖြတ်မှု အပါအဝင် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု အားလုံးအပေါ် ခြုံငုံမှု မရှိပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံရှိနေရပ်ပြန်ရန်အတွက် လိုအပ်သည့် အခြေအနေများကို စီစဉ် ဆောင်ရွက်ပေးရန် တာဝန်ယူတာဝန်ခံပေးမည့် ဤဖြစ်စဉ်သည် အလွန်နှောင့်နှေးကြန့်ကြာလျက် ရှိသည်ဟု ဤကိစ္စနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်နေသည့် ရိုဟင်ဂျာများထံမှ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီအနေဖြင့် ကြားသိရသည်။

မြန်မာစစ်တပ်မှ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအားလုံးနှင့် နိုင်ငံတဝှမ်းရှိ တိုင်းရင်းသား လူနည်းစုများအား နှစ်ပေါင်းများစွာကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် အထူးသဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်း ပြည်သူများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်သည့် ရာဇဝတ်မှုများ အပါအဝင် ၂၀၀၂ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတဝှမ်းလုံးရှိ ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် ရောမဥပဒေတွင် ပါရှိသော ရာဇဝတ်မှုအားလုံးကို စစ်ဆေးအရေးယူနိုင်သည်အထိ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ စုံစမ်းစစ်ဆေးမှုကို ရရှိနိုင်မည့် ဥပဒေလမ်းကြောင်းများ ရှိသည်။ ဤဥပဒေလမ်းကြောင်းများတွင် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရမှ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့်အာဏာကို လက်ခံသည့် ပုဒ်မ ၁၂ (၃) ကြေညာချက်နှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ လွှဲအပ်ခြင်း သို့မဟုတ် အခြားသော ရောမအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှ လွှဲအပ်ခြင်းလည်း ပါဝင်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့်ရရှိရန်အတွက် လမ်းကြောင်းများစွာရှိပြီး မြန်မာနိုင်ငံတွင် နိုင်ငံတကာ ဥပဒေအရ အဆိုးရွားဆုံး ရာဇဝတ်မှုမြောက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဖြစ်ပေါ်နေသည့်အတွက် မြန်မာစစ်တပ်ခေါင်းဆောင်များအား ၎င်းတို့ကျူးလွန်သော လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအား နှောင့်နှေးမှုမရှိပဲ အပြစ်ပေးအရေးယူနိုင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် တာဝန်ရှိသည်။

အကယ်၍ ဤနည်းလမ်းများဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ လက်ရှိစုံစမ်းစစ်ဆေးရေးကို တိုးမြှင့်လုပ်ဆောင်နိုင်ခြင်း မရှိပါက နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တာဝန်ယူမှုတာဝန်ခံမှု လိုအပ်ချက်အား ဖြေရှင်းရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ သို့မဟုတ် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှတဆင့် သီးခြား နိုင်ငံတကာရာဇဝတ်ခုံရုံးဖွဲ့စည်းခြင်းကဲ့သို့ အခြားနည်းလမ်းတစ်ခုခုကို စဉ်းစားသင့်သည်။ ထိုခုံရုံးသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားမှ ထုတ်ပြန်ထားသည့် အမှုတွဲများအား အသုံးပြု၍ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ပြုလုပ်နိုင်သည့် ခုံရုံးတင်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

**မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုအား တုံ့ပြန်ရန် အတူတကွပူးပေါင်းဆောင်ရွက်ကြသည့် အမှီအခိုကင်းသော ကျွမ်းကျင်ပညာရှင်များအဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံသားများ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအတွက် တိုက်ပွဲဝင်ရာတွင် ကူညီထောက်ပံ့မှုပြုရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် ပက်သက်၍ ပိုမိုသိရှိလိုပါက [https://specialadvisorycouncil.org/](https://specialadvisorycouncil.org/) တွင် ဝင်ရောက်လေ့လာနိုင်သည်။**

---

၁ ဤလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးချက်ကို ဥပမာအားဖြင့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလထုတ် "အနှစ်ချုပ်စာတမ်း။။မြန်မာစစ်တပ်သည် ဥပဒေအရ အကြမ်းဖက် အဖွဲ့အစည်းတစ်ခုဖြစ်သည်။" တွင် ကြည့်ပါ။ ၎င်းကို https://specialadvisorycouncil.org/2021/12/briefing-paper-the-myanmar-military-is-a-terrorist-organisation-under-law/ တွင် ရရှိနိုင်သည်။

၂ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် အခြေအနေများကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ စုံစမ်းစစ်ဆေးရန် လွှဲအပ်နိုင်ပြီး ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တယားအနေဖြင့် ရာဇဝတ်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် ဝေမျှရန် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်သည်။

၃ အကြမ်းဖက်မှုဆိုင်ရာ ရာဇဝတ်မှုအား ရောမဥပဒေတွင် ဆုံးဖြတ်ချက်အမှတ် RC/Res.6 ဖြင့် ၂၀၁၀ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ထည့်သွင်းခဲ့သည်။ သို့သော်လည်း လက်ရှိအချိန်အထိ အဖွဲ့ဝင်နိုင်ငံအားလုံးမှ လက်ခံသဘောတူထားခြင်း မဟုတ်ပါ။ ယေဘုယျအားဖြင့် အကြမ်းဖက်မှုဆိုင်ရာ ရာဇဝတ်မှုဆိုသည်မှာ နိုင်ငံတနိုင်ငံမှ အခြားနိုင်ငံတနိုင်ငံအား တရားမဝင် တိုက်ခိုက်မှု ပြုလုပ်ခြင်းဖြစ်သည်။ (ရုရှား/ယူကရိန်း ဖြစ်ရပ်ကို ယူဆနိုင်သည်။)

၄ လူ့အခွင့်အရေး အလှည့်ကျသုံးသပ်မှု အစီရင်ခံစာ၏ နောက်ဆက်တွဲ တင်သွင်းမှု အပိုဒ် ၃၇ တွင် "မြန်မာနိုင်ငံအနေဖြင့် ရောမဥပဒေအရ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးအား အခွင့်ပေးပြီး အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်။" ဟု ဖော်ပြထားသည်။

[၅] ရောမဥပဒေ၏ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး၏ ပုဒ်မ ၁၂(၃)

[၆] အမျိုးသားညီညွတ်ရေးအစိုးရ၏ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် တွစ်တာအကောင့်တွင် ရေးသားထားသည့် ထုတ်ပြန် ကြေညာချက်အရ https://twitter.com/nugmyanmar/status/1428739347717648389?lang=en တွင် ကြည့်ပါ။ ဥပဒေအရ တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင် သို့မဟုတ် အစိုးရခေါင်းဆောင် သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံကိုယ်စား တရားဝင် သဘောတူညီချက်များ ပြုလုပ်ရန်အတွက် အခွင့်အာဏာ အပြည့်အဝ ပေးအပ်ခြင်းခံရထားသူ ဖြစ်သည်။ ဤအခွင့်အာဏာအား လူတစ်ဦးချင်းစီကိုသာ ပေးအပ်နိုင်ပြီး ရုံး သို့မဟုတ် သံတမန်ရာထူးသို့ ပေးအပ်ခြင်းမဟုတ်ပါ။ ၁၉၆၉ ခုနှစ် စာချုပ်စာတမ်းဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပုဒ်မ ၇ တွင် ကြည့်ပါက "၁။ သဘောတူညီချက်စာချုပ်တစ်ခု၏ စာသားအား သို့မဟုတ် သဘောတူညီချက်စာချုပ်အား နိုင်ငံကိုယ်စား အတည်ပြုရန် သို့မဟုတ် သဘောတူညီရန်အတွက် (က) ထိုသူမှ သင့်လျော်သည့် အခွင့်အာဏာ အပြည့်အဝရှိလျှင် (ခ) "နိုင်ငံ၏ အခြေအနေ သို့မဟုတ် ၎င်းတို့မှ ထိုသူအား ဤသို့သော ကိစ္စရပ်များအတွက် နိုင်ငံ ကိုယ်စားပြုသည်ဟု သတ်မှတ်၍ အာဏာ အပြည့်အဝ ပေးထားလျှင် ဟူသည့် အချက်များနှင့် ကိုက်ညီပါက ထိုသူတစ်ဦးတစ်ယောက်အား နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် မှတ်ယူသည်။ ၁၉၆၉ ခုနှစ် စာချုပ်စာတမ်းဥပဒေဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပုဒ်မ ၇ တွင် ကြည့်ပါက "၁။ သဘောတူညီချက်စာချုပ်တစ်ခု၏ စာသားအား သို့မဟုတ် သဘောတူညီချက်စာချုပ်အား နိုင်ငံကိုယ်စား အတည်ပြုရန် သို့မဟုတ် သဘောတူညီရန်အတွက် (က) ထိုသူမှ သင့်လျော်သည့် အခွင့်အာဏာ အပြည့်အဝရှိလျှင် (ခ) "နိုင်ငံ၏ အခြေအနေ သို့မဟုတ် ၎င်းတို့မှ ထိုသူအား ဤသို့သော ကိစ္စရပ်များအတွက် နိုင်ငံ ကိုယ်စားပြုသည်ဟု သတ်မှတ်၍ အာဏာအပြည့်အဝ ပေးထားလျှင် ဟူသည့် အချက်များနှင့် ကိုက်ညီပါက ထိုသူတစ်ဦးတစ်ယောက်အား နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် မှတ်ယူသည်။ ၂။ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အာဏာကုန် အသုံးပြုမှု မရှိစေရန်အတွက် အောက်ပါ အချက်များအရ နိုင်ငံတော် ကိုယ်စားပြုသည်ဟု ယူဆသည်။ (က) နိုင်ငံခေါင်းဆောင်များ၊ အစိုးရခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများအား စာချုပ်ချုပ်ဆိုမှုနှင့် ဆက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင် ပါဝင်လုပ်ဆောင်ရန် ရည်ရွယ်သည်။ (ခ) သံတမန်ခေါင်းဆောင်များ၊ အခြားကိုယ်စားလှယ်နိုင်ငံနှင့် ၎င်းတို့ကိုယ်စားပြုသည့်နိုင်ငံအခြား စာချုပ်ပါ အချက်များအား အတည်ပြုရန်၊ (ဂ) နိုင်ငံတကာ အစည်းအဝေးများ သို့မဟုတ် အဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့၏ အဖွဲ့ခွဲများသို့ ထိုအစည်းအဝေးတွင် ရေးထိုးသော၊ အဖွဲ့အစည်းသို့မဟုတ် အဖွဲ့ခွဲများနှင့် ရေးထိုးသည့် စာချုပ်ပါ စာရွက်စာတမ်းများအား အတည်ပြုရန်အတွက် နိုင်ငံတော်မှ ကိုယ်စားပြုစေလွှတ်သော ကိုယ်စားလှယ်များ"

[၇] ဥပမာအားဖြင့် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား၏ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်သော "မြန်မာနိုင်ငံအတွက် ယန္တရား၏ နှစ်ပတ်လည် အစီရင်ခံစာအရ မြန်မာနိုင်ငံအတွင်း လူသားမျိုးနွယ်အပေါ် ချိုးဖော်သည့် ရာဇဝတ်မှုများအတွက် သက်သေများ ပေါ်ထွက်လာပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များစွာ ထိခိုက်ခံစားခဲ့ရသည်။" https://iimm.un.org/press-release-evidence-of-crimes-against-humanity-in-myanmar-escalate-with-women-and-children-severely-impacted-according-to-myanmar-mechanism-annual-report/ (၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ရယူခဲ့သည်။)

[၈] Myanmar Accountability Project (MAP) ၏ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ထုတ်ဝေသော "ဥပဒေသဘောတရား။ ။ အမျိုးသားညီညွတ်ရေးအစိုးရမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားစီရင်ချက်အား လက်ခံခြင်းဆိုင်ရာ ကြေညာချက်နှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ အခြေအနေ" ကိုကြည့်ပါ။ https://the-world-is-watching.org/wp-content/uploads/2022/08/Wilde-Burma-ICC-opinion-15-Aug.pdf

[၉] အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရှေ့နေက ၎င်းအနေဖြင့် အစိုးရများထက် နိုင်ငံများနှင့်သာ လုပ်ငန်းဆောင်ရွက်ကြောင်း ပြောခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ထုတ် "မြန်မာနိုင်ငံနှင့် လုပ်ငန်းဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရှေ့နေ" တွင် ကြည့်ပါ။ http://newagebd.net/article/163942/icc-prosecutor-for-working-with-myanmar တွင် တွေ့ရှိနိုင်သည်။ (၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ရယူခဲ့သည်။) အစိုးရများအား အသိအမှတ်ပြုခြင်းနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးချက်များအတွက် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၏ အကျဉ်းချုပ်စာတမ်း ဖြစ်သော ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့ထုတ် "အစိုးရများအား အသိအမှတ်ပြုခြင်း" နှင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ထုတ် "ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှု" တွင် ကြည့်ပါ။ ၎င်းတို့ကို https://specialadvisorycouncil.org/briefings/ တွင် ရရှိနိုင်သည်။ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ထုတ် " ICJ Judgement on Preliminary Objections Welcome, but Court Must Rectify Myanmar's Representation and More States Must Intervene in the Case" ကိုလည်း ကြည့်ပါ။ https://specialadvisorycouncil.org/2022/07/icj-judgement-un/ တွင် ရရှိနိုင်သည်။

[၁၀] https://www.icc-cpi.int/ukraine တွင် ကြည့်ပါ။

[၁၁] ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း ၇ အား ရောမ ဥပဒေ ၁၃ (ခ) နှင့်အတူ ဖတ်ပါ။

[၁၂] ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင် ငါးနိုင်ငံနှင့် နှစ်နှစ်တကြိမ် အလှည့်ကျ ပါဝင်ရသည့်အဖွဲ့ဝင် ဆယ်နိုင်ငံ ရှိသည်။ အဖွဲ့ဝင်စာရင်းအား https://www.un.org/securitycouncil/content/current-members တွင်ကြည့်ပါ။

[၁၃] မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်သည့် "အကြမ်းချုပ်စာတမ်း။ ။ မြန်မာနိုင်ငံအတွက် အကာအကွယ်ပေးမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိမှု (R2P)" တွင် ကြည့်ပါ။ https://specialadvisorycouncil.org/2021/09/briefing-paper-the-responsibility-to-protect-r2p-in-myanmar/ တွင် ရရှိနိုင်သည်။

[၁၄] "၂၀၂၂ ခုနှစ် ဧပြီလထုတ် "ဗီတိုအာဏာကိုင်ဆောင်ထားသည့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအား တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန် ဆုံးဖြတ်ချက်တစ်ရပ်အား အထွေထွေညီလာခံမှ လက်ခံကျင့်သုံး" ကို ကြည့်ပါ။ https://press.un.org/en/2022/ga12417.doc.htm တွင်ကြည့်ရှုနိုင်သည်။ (၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ရယူခဲ့သည်။)

[၁၅] ဤသတ်မှတ်ချက်များအား ရောမဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ "ရာဇဝတ်မှုများအတွက် လိုအပ်ချက်များ" စာတမ်းတွင် ရယူနိုင်သည်။ https://www.icc-cpi.int/sites/default/files/ElementsOfCrimesEng.pdf တွင် ကြည့်ပါ။ (၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ရယူခဲ့သည်။)